(၂၀၀၇) ခုနှစ် စက်တင်ဘာလတွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တို့ ပူးပေါင်း၍ အနာဂတ်လေကြောင်းရန် ကာကွယ်ရေးတပ်တည်ဆောက်ရန်အတွက်မွန်ပြည်နယ်ပေါင်မြို့နယ်ရှိ သစ်တောကြိုးဝိုင်းပျက်၊ကုလားမတောင်ကြိုးဝိုင်းအမှတ်(၅၉)၊ (၆၁)၊ (၆၂) တို့မှ ရော်ဘာပင်နှင့် အခြား စားသောက်သီးနှံစိုက်ပျိုးထားသည့် မြေဧရိယာ(၁၄၀၀)ကေအား သိမ်းယူခဲ့ရာတွင် အသိမ်းဆည်းခံရသူ ပိုင်ရှင်တချို့အား မြေအစားပေးခြင်းနှင့် ဆုံးရှုံးသွားသော ရော်ဘာပင်ဖိုးကိုသာ ပေးအပ်ပြီး ကျန်ရှိသော တောင်သူ (၆၀) ကျော်ကို မည်သည့်လျော်ကြေးမှပေးအပ်ခြင်းမရှိခြင်းကြောင့် တပ်တည်ဆောက်ရာတွင် ပိုလျှံသောမြေယာများကို အသိမ်းဆည်းခံပြည်သူများဖြစ်သည့် ဆင်ရွာကျေးရွာ၊ ပေါင်မြို့နယ်၊ ရှိ တောင်သူ (၆၀) အားပြန်လည်လုပ်ကိုင်ခွင့်ပေးရန် အတွက် နေပြည်တော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တာဝန်ရှိလူကြီးများအားတင်ဖြင့် တင်ပြတောင်းဆိုထားသည်။